**အလုပ်သမားအချက်အလက်စာရွက်**

# ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများအတွက် Form I-9 နှင့်ပတ်သက်၍ သိကောင်းစရာများ

အမေရိကန်ပြည်ထောင်စုတွင် အလုပ်သမားတစ်ဦးအဖြစ် အလုပ်တစ်ခုစတင်လုပ်ကိုင်သူတိုင်း လုပ်ငန်းရှင်များမှ သင်၏အထောက်အထားနှင့် အလုပ်လုပ်ရန်ခွင့်ပြုချက်ကို အတည်ပြုရန်အသုံးပြုမည့် အစိုးရဖောင်ပုံစံတစ်ခုဖြစ်သည့် **Form I-9** ကို ဖြည့်စွက်ရမည်ဖြစ်သည်။

ဤအချက်အလက်စာရွက်သည် ခိုလှုံခွင့်တောင်းခံသူများနှင့် ဒုက္ခသည်များဖြစ်သည့် သင်တို့အား Form I-9 ဖြည့်စွက်ခြင်းနှင့် သင်တို့၏ အခွင့်အရေးများကို သိရှိစေခြင်းတို့ကို ကူညီပေးနိုင်ရန် ရည်ရွယ်ပါသည်။ Form I-9 လုပ်ငန်းစဉ်အတွင်း လုပ်ငန်းရှင်များက သင့်အား သင်၏ နိုင်ငံသားဖြစ်မှု၊ လူဝင်မှုကြီးကြပ်ရေးအခြေအနေ သို့မဟုတ် မူရင်းနိုင်ငံပေါ်အခြေခံ၍ ခွဲခြားဆက်ဆံပါက လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားအက်ဥပဒေ (Immigration and Nationality Act, INA) ကို ချိုးဖောက်ခြင်းဖြစ်သည်။ အဆိုပါ ခွဲခြားဆက်ဆံမှုပပျောက်ရေး ဥပဒေကို **8 U.S.C § 1324b** တွင် တွေ့နိုင်သည်။

## Form I-9 ဖြည့်စွက်ခြင်း

### Form I-9 ၏ Section 1 အတွက် သင့်အကြောင်းအချက်အလက်များ ထည့်သွင်းပါ။

- Form I-9 ၏ Section 1 တွင် သင့်အမည်နှင့် သင့်အကြောင်း အခြား အချက်အလက်များ ထည့်သွင်းပါ။
  - အဆိုပါကဏ္ဍကို ဖြည့်စွက်ရန် တစ်ယောက်ယောက်အား သင်အကူအညီတောင်းခံနိုင်သည်။
- သင့်ကို အလုပ်လုပ် ခွင့်ပြုသော အခြေအနေကို ပြသည့် အကွက်တွင် အမှတ်ခြစ်ရမည်။
  - ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများသည် “A noncitizen authorized to work” (အလုပ်လုပ်ခွင့်ရှိသော နိုင်ငံခြားသားတစ်ဦး) အတွက် စတုတ္ထမြောက်အကွက်ကို

အမှတ်ခြစ်သင့်သည်။ လိုအပ်ပါက သက်တမ်းကုန်ဆုံးရက်ကို ဖြည့်စွက်ရန် ဤအကွက်ဘေးတွင် နေရာလွတ်တစ်ခု ရှိပါသည်။

    ○ သင်၏အလုပ်လုပ်ပိုင်ခွင့် သက်တမ်းမကုန်ဆုံးသေးသောကြောင့် သက်တမ်းကုန်ဆုံးရက်အတွက် နေရာလွတ်တွင် ("မသက်ဆိုင်ပါ" ဟု အဓိပ္ပါယ်ရသည့်) "N/A" ကို ရေးပါ။

**Form I-9 ၏ Section 2 အတွက် သင့်အလုပ်ရှင်အား သင့်အထောက်အထားနှင့် အလုပ်လုပ်ရန်ခွင့်ပြုချက်ကို ပြသသည့် စာရွက်စာတမ်းကို ပြပါ။**

- Form I-9 တွင် Form I-9 ၏ Section 2 အတွက် သင်ပြသနိုင်သည့် စာရွက်စာတမ်းစာရင်းသုံးခုရှိသည် -
    - **List A** (သင်၏အထောက်အထားနှင့် အလုပ်လုပ်ရန် ခွင့်ပြုချက်ကိုပြသည့် စာရွက်စာတမ်းများ)၊
    - **List B** (သင့်အထောက်အထားကိုပြသည့် စာရွက်စာတမ်းများ)၊
    - **List C** (သင်၏အလုပ်လုပ်ရန် ခွင့်ပြုချက်ကိုပြသည့် စာရွက်စာတမ်းများ)။
- သင်သည် သင်၏အလုပ်ရှင်အား
    - List A စာရွက်စာတမ်းတစ်ခုကိုဖြစ်စေ၊
    - List B စာရွက်စာတမ်းတစ်ခုနှင့် List C စာရွက်စာတမ်းတစ်ခုကို ပေါင်း၍ဖြစ်စေ ပြသနိုင်သည်။
- စာရွက်စာတမ်းစာရင်းများ အောက်တွင် **receipts** (ပြေစာများ) ဖော်ပြထားပါသည်။ အမျိုးမျိုးသောအချိန်အပိုင်းအခြားများအတွက် Form I-9 အတွက် ပြေစာများလည်း လက်ခံရရှိနိုင်ပါသည်။

သင့်တွင် **Form I-9 Lists of Acceptable Documents** (Form I-9 လက်ခံနိုင်သော စာရွက်စာတမ်းများစာရင်းများ) မှ သင်ပြသလိုသော လက်ခံနိုင်သည့် စာရွက်စာတမ်းကို ရွေးချယ်ခွင့်ရှိပါသည်။

သင့်အလုပ်ရှင်က ခိုလှုံခွင့်တောင်းခံသူ သို့မဟုတ် ဒုက္ခသည်တစ်ဦးဖြစ်သည့် သင်၏အခြေအနေပေါ်အခြေခံ၍ သို့မဟုတ် သင်၏မူရင်းနိုင်ငံပေါ်အခြေခံ၍ သီးခြားစာရွက်စာတမ်းတစ်ခုခုကို ပြသရန် တောင်းခံပိုင်ခွင့်မရှိပါ။ **အလုပ်ရှင်က သီးခြားစာရွက်စာတမ်းများ တောင်းဆိုခြင်းသည် ဥပဒေနှင့်မညီသည့် ခွဲခြားဆက်ဆံမှု ဖြစ်နိုင်သည်။** ဥပမာ သင့်တွင် အလုပ်အကိုင်ခွင့်ပြုချက်စာရွက်စာတမ်း (Employment Authorization Document, EAD) တစ်ခုရှိနေသော်လည်း သင်သည် အဆိုပါစာရွက်စာတမ်းအစား နိုင်ငံမှထုတ်ပေးထားသည့် အထောက်အထား (List B စာရွက်စာတမ်းတစ်ခု) နှင့် ကန့်သတ်မထားသော လူမှုဖူလုံရေးကတ် (List C စာရွက်စာတမ်းတစ်ခု) ကဲ့သို့ အခြားစာရွက်စာတမ်းတစ်ခုကို ပြသရန် ဆုံးဖြတ်နိုင်သည်။

**သင့်တွင် လက်ခံနိုင်သော Form I-9 စာရွက်စာတမ်း အမျိုးအစား များစွာရှိနိုင်သည်။**

- သင်သည် Form I-9 အတွက် I-94 တစ်ခုကို ပြသနိုင်သည်။ သင်သည် ပြည်တွင်း လုံခြုံရေးဌာန (Department of Homeland Security) မှ စာရွက် I-94 ကို ရယူနိုင်ပါသည်၊ သို့မဟုတ် သင်၏ I-94 ကို **Customs and Border Protection** ဝဘ်ဆိုဒ်မှ ရယူနိုင်ပါသည် သို့မဟုတ် ပရင့်ထုတ်ယူနိုင်ပါသည်။

- သင်သည် ဒုက္ခသည်တစ်ဦးဖြစ်လျှင် **သင်၏ I-94 သည် ပြေစာဖြစ်ပြီး** သင်ပထမဆုံးအလုပ်လုပ်သည့်နေ့မှ ရက်ပေါင်း 90 အကျုံးဝင်သော List A စာရွက်စာတမ်းအတွက်ဖြစ်သည်။ ရက် 90 ကြာပြီးနောက် သင်သည် သင့်အလုပ်ရှင်အား EAD ကို ဖြစ်စေ၊ **List B** စာရွက်စာတမ်းနှင့် **ကန့်သတ်မထားသော လူမှုဖူလုံရေးကတ်** ကို ပေါင်းစပ်၍ဖြစ်စေ ပြသရပါမည်။

- သင်သည် ခိုလှုံခွင့်တောင်းခံသူတစ်ဦးဖြစ်ပါက သင်၏ I-94 ကို သက်တမ်းကုန်ဆုံးခြင်းမရှိသော **အမြဲတမ်း List C စာရွက်စာတမ်း** တစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။

- ခိုလှုံခွင့်တောင်းခံသူများနှင့် ဒုက္ခသည်များသည် EADs များအတွက် သတ်မှတ်ချက်ကိုက်ညီပါသည်။ သင်၏ EAD သက်တမ်းတိုးရန် ဆုံးဖြတ်ပြီး သင်၏ လျှောက်လွှာကို သင့် EAD ပေါ်တွင် ဖော်ပြထားသော သက်တမ်းကုန်ဆုံးရက်နှင့် တွဲတင်ထားပါက သင်သည် သင်၏ လက်ရှိ EAD နှင့် ဆက်လက်အလုပ်လုပ်နိုင်ပါသည်။ သင်၏ EAD သက်တမ်းကုန်ဆုံးပြီးနောက် **အချိန်ကာလတစ်ခုအတွက်** သင်သည် သင့်အလုပ်ရှင်အား သင်၏ EAD ကို (အစိုးရက EAD အသစ်အတွက် သင်၏လျှောက်ထားမှုကို လက်ခံရရှိကြောင်းပြသည့်) I-797C ပြေစာသတိပေးစာနှင့်အတူ ပြသ၍ ဆက်လက်အလုပ်လုပ်ကိုင်နိုင်သည်။ EAD အလိုလျောက်သက်တမ်းတိုးခြင်းနှင့်ပတ်သက်သည့် အချက်အလက်များအတွက် ပြည်သူ့အခွင့်အရေးဌာနခွဲ၏ ရွှေ့ပြောင်းနေထိုင်သူနှင့် အလုပ်သမား အခွင့်အရေးကဏ္ဍ (Immigrant and Employee Rights Section) သို့ ဖုန်းခေါ်ဆိုပါ။

- သင်သည် **ပျောက်ဆုံး၊ ပျက်စီး၊ သို့မဟုတ် ခိုးယူခံရသည့်** စာရွက်စာတမ်းများအတွက် ပြေစာများကိုလည်း ပြသနိုင်သည်။

**Form I-9 ဖြည့်စွက်ပြီးပါက သင့်အလုပ်ရှင်သည် ကန့်သတ်ထားသော အခြေအနေများတွင်သာ စာရွက်စာတမ်းများကို နောက်တစ်ကြိမ် တောင်းခံပိုင်ခွင့်ရှိပါသည်။**

- အလုပ်ရှင်က စာရွက်စာတမ်းများကို ထပ်မံတောင်းခံရမည့် စည်းမျဉ်းများကို **Handbook for Employers M-274** (အလုပ်ရှင်များအတွက် လက်စွဲစာအုပ် M-274) တွင် ဆွေးနွေးထားပါသည်။

- သင်သည် Form I-9 အတွက် သင်၏ EAD ကို ပြသခဲ့ပါက သင့်အလုပ်ရှင်သည် သင်၏အလုပ်လုပ်ကိုင်ခွင့်ကို ပြန်လည်စစ်ဆေးရန် သင့် EAD သက်တမ်းကုန်ဆုံးချိန်တွင် အခြားစာရွက်စာတမ်းကို ကြည့်ရန် တောင်းဆိုပါမည်။ ဤအဆင့်တွင် သင်သည် **List A** စာရွက်စာတမ်းတစ်ခုဖြစ်စေ၊ ကန့်သတ်မထားသော

လူမှုဖူလုံရေးကတ်ကဲ့သို့ **List C** စာရွက်စာတမ်းတစ်ခုဖြစ်စေ ပြသရန် ရွေးချယ်နိုင်သည်။ သင်သည် EAD အသစ်ကို ပြရန် ရွေးချယ်နိုင်သော်လည်း မဖြစ်မနေပြသရန်မလိုအပ်ပါ။

- သင်သည် Section 2 အတွက် သင်၏ အလုပ်လုပ်ရန်ခွင့်ပြုချက် အထောက်အထားအဖြစ် ကန့်သတ်မထားသော လူမှုဖူလုံရေးကတ်ကို ပြသခဲ့ပြီး Section 1 တွင် သက်တမ်းကုန်ဆုံးရက်အတွက် "N/A" ကို ထည့်သွင်းခဲ့ပါက သင့်အလုပ်ရှင်သည် သင့်ကို နောက်ထပ်စာရွက်စာတမ်းများ တောင်းခံခွင့်မရှိပါ။

- သင်၏ ခိုလှုံခွင့်တောင်းခံသူ သို့မဟုတ် ဒုက္ခသည် အခြေအနေကိုအခြေခံ၍ သို့မဟုတ် သင်၏မူရင်းနိုင်ငံကို အခြေခံ၍ မလိုအပ်သည့်အချိန်၌ စာရွက်စာတမ်းများ တောင်းခံသည့် အလုပ်ရှင်များသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ သင့်ထံမှ အချက်အလက်များတောင်းဆိုရန် သင့်အလုပ်ရှင်ကို မည်သည့်အချိန်တွင် ခွင့်ပြုထားကြောင်းနှင့်ပတ်သက်သည့် အချက်အလက်များအတွက် ပြောင်းရွှေ့နေထိုင်သူနှင့် အလုပ်သမား အခွင့်အရေးကဏ္ဍ (Immigrant and Employee Rights Section) သို့ ဖုန်းခေါ်ဆိုပါ။

## သင်သည် သင်၏ လူမှုဖူလုံရေးနံပါတ်ကို စောင့်ဆိုင်းနေချိန်တွင် အလုပ်လုပ်နိုင်ပါသည်။

- သင်သည် အလုပ်တစ်ခုရသော်လည်း သင်၏ လူမှုဖူလုံရေးနံပါတ် မရှိသေးပါက **လူမှုဖူလုံရေး စီမံအုပ်ချုပ်ရေးအဖွဲ့ (Social Security Administration)** မှ အလုပ်ရှင်များအား အလုပ်သမားများကို ၎င်းတို့၏ လူမှုဖူလုံရေးနံပါတ်ကို စောင့်ဆိုင်းနေချိန်အတွင်း အလုပ်လုပ်ခွင့်ပြုရန် ညွှန်ကြားထားပါသည်။

- သင်၏လူမှုဖူလုံရေးနံပါတ်ကို စောင့်ဆိုင်းနေချိန်တွင်ပင် သင်ဆောင်ရွက်ခဲ့သော အလုပ်အတွက် သင်၏အလုပ်ရှင်မှ ငွေပေးချေရပါမည်။

- သင့်အလုပ်ကို စတင်လုပ်ကိုင်ချိန်တွင် သင့်တွင် လူမှုဖူလုံရေးနံပါတ် မရှိသေးလျှင် Form I-9 Section 1 မှ လူမှုဖူလုံရေးနံပါတ် အကွက်ကို ကွက်လပ်ထားခဲ့ပါ။

- သင့်အလုပ်ရှင်သည် E-Verify ကို အသုံးပြုပါက E-Verify က အလုပ်ရှင်များအား သင် လူမှုဖူလုံရေးနံပါတ် ရရှိသည့်ချိန်အထိ **E-Verify လုပ်ငန်းစဉ် ဖန်တီးမှုကို ဆိုင်းငံ့ထား**ရန် ညွှန်ကြားထားပါသည်။ သင်သည် Form I-9 ကို ဖြည့်ထားပါက ဤအချိန်အတွင်း အလုပ်လုပ်နိုင်သည်။ **E-Verify စည်းမျဉ်းများ**သည် အထူးသဖြင့် ဤခြွင်းချက်ကို ခွင့်ပြုပြီး အလုပ်ရှင်များအား လုပ်ငန်းစဉ်ဖန်တီးခြင်းအတွက် ညွှန်ကြားချက်များပေးပါသည်။ နောက်ထပ်အချက်အလက်များကို **e-verify.gov** တွင် ရရှိနိုင်ပါသည်။

*2023 ခုနှစ်၊ ဩဂုတ်လတွင် ပြန်လည်ပြန်ဆင်သည်*

*(နောက်စာမျက်နှာတွင်ဆက်ရန်)*

## ကျွန်ုပ်တို့ကို ဆက်သွယ်ရန်

- နောက်ထပ်အချက်အလက်များအတွက် ရွှေ့ပြောင်းနေထိုင်သူနှင့် အလုပ်သမား အခွင့်အရေးကဏ္ဍ၏ အလုပ်သမားသီးသန့်ဖုန်းလိုင်း **1-800-255-7688** သို့မဟုတ် အကြားအာရုံချို့ယွင်းချက်ရှိသူများအတွက် 1-800-237-2515 သို့ ခေါ်ဆိုပါ။
    - ကျွန်ုပ်တို့ထံမှ မည်သည့်အကူအညီကိုမဆို အခမဲ့ရယူနိုင်ပါသည်။ ဖုန်းခေါ်ဆိုမှုများကို အမည်ဖော်ပြမည်မဟုတ်ပါ၊ အခမဲ့ ဘာသာစကား ဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။
- နောက်ထပ်ပိုမိုလေ့လာရန် **ကျွန်ုပ်တို့၏ ဝဘ်ဆိုက်** သို့ သွားရောက်ပါ
- ခွဲခြားဆက်ဆံမှုကို သတင်းပေးရန် **justice.gov/crt/filing-charge** သို့ သွားရောက်ပါ